# မြန်မာနိုင်ငံ၏ ကျား၊မတန်းတူရေးနှင့် ဖက်ဒရယ်စနစ်

9th June 2023

# ဆွေးနွေးမည့်ခေါင်းစဉ်များ

- ❖ မြန်မာနိုင်ငံ၏ဖက်ဒရယ်စနစ်နှင့် ဂျန်ဒါတန်းတူညီမျှရေး နောက်ခံအကျဉ်း
- ❖ ဖက်ဒရယ်စနစ်နှင့် ဂျန်ဒါ တန်းတူရေးဆိုင်ရာ စိန်ခေါ်မှုများ
- ❖ ဖက်ဒရယ်စနစ်နှင့်ဂျန်ဒါတန်းတူရေးဆိုင်ရာ အခွင့်အလမ်းများ
- ❖ ဖက်ဒရယ်စနစ်နှင့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေဖွဲ့စည်းပုံများတွင် ဂျန်ဒါတန်းတူရေးအလေးပေးလာစေရန်အတွက်နည်းလမ်းများ

# မြန်မာနိုင်ငံ၏ဖက်ဒရယ်စနစ်နှင့် ဂျဲန်ဒါတန်းတူညီမျှရေး နောက်ခံအကျဉ်း

၁၉၄၇ လွတ်လပ်ရေး

လက်နက်ကိုင်တော်လှန်ရေး

(၁) တန်းတူရေး
(၂) ကိုယ်ပိုင်ပြဌာန်းခွင့်

ကျား၊မ တန်းတူညီမျှရေး

De jure ဥပဒေအရ တရားဝင် တန်းတူရေး ??

De facto လက်တွေ့ အခြေအနေ တန်းတူရေး? ?

ဓလေ့ထုံးစံ သိနားလည်မှု ကျင့်သုံးမှု

ဗဟိုဦးစီးချုပ်ကိုင်စနစ်

ခွဲခြားနှိမ်ချခြင်း

တန်းတူညီမျှမှုမရှိခြင်း

ဥပဒေ အကာကွယ် မရခြင်း

နည်းမျိုးစုံသော အကြမ်းဖက်မှုများ စစ်ပွဲများ

အမျိုးသားကြီးစိုးသောဝါဒ

တရားသေအစွဲ

ခွဲခြားနှိမ်ချခြင်း

ဥပဒေ အကာအကွယ် မရှိခြင်း

# ဖက်ဒရယ်စနစ်နှင့် ဂျဲန်ဒါ တန်းတူရေး

## အခွင့်အလမ်းများ

- အစိုးရအဆင့်ဆင့်တွင် အမျိုးသမီး ပါဝင်နိုင်မှု အခွင့်အလမ်းပိုများခြင်း
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျင့်သုံးသောကြောင့် မတူကွဲပြားမှုများနှင့် ပဋိပက္ခများကို ထိရောက်စွာ ဖြေရှင်းနိုင်ပြီး ပဋိပက္ခတွင်းနေထိုင်ရသော အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ခြင်း
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ဖက်ဒရယ်ယူနစ်များမှ ပိုမိုဆန်းသစ်သည့် နည်းလမ်းများ သုံးဖြင်းဖြင့် ကာကွယ်/လျှော့ချနိုင်ခြင်း (အမျိုးသမီးရဲမေများ- ဘာရာဇီးလ်၊ VAW Law reform- Australia)

## စိန်ခေါ်မှုများ

- သက်ဆိုင်ရာခေါင်းဆောင်များ၏ ကျား၊မ တန်းတူရေးကို သိနားလည်မှုပေါ်မူတည်ကာ အခြေနေ ကွာဟနိုင်ခြင်း
- ပဋိပက္ခဖြစ်ပွားနေသည့်ဒေသတွင် ခေါင်းဆောင် များသည် နယ်မြေအရေး၊ တိုင်းရင်းသားနှင့် ဘာသာရေး ပဋိပက္ခများကို ဦးစားပေးဖြေရှင်းနေ ရသည့်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအရေးများကို ထိရောက်စွာကာကွယ်ပေးနိုင်မှု နည်းပါးနိုင်ခြင်း။ (စစ်အပြီး အိမ်တွင်းအကြမ်းဖက်မှုမြင့်တက်လာခြင်း Iraq )
- အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အချို့ဖက်ဒရယ်ယူနစ်များတွင် ရှေးရိုးစွဲဓလေ့ထုံးစံဖြင့်ဖြေရှင်းသဖြင့် အကြမ်းဖက်ခံရသူမှ ပိုနစ်နာခြင်း

# ဖက်ဒရယ်စနစ်နှင့် ဂျဲန်ဒါ တန်းတူရေး (အဆက်)

**အခွင့်အလမ်းများ**

- အမျိုးသမီးများသည် ဒေသတွင်းရှိ အစိုးရများကို မိမိတို့ လိုအပ်ချက် များကို ကောင်းစွာတင်ပြ တောင်းဆို နိုင်သဖြင့် လိုအပ်ချက်များဖြည့်ဆည်း ပေးနိုင်ခြင်း
- ဖက်ဒရယ်ယူနစ်တစ်ခုတွင် ကျား၊မ တန်းတူညီမျှရေးအစီအမံများကို ကောင်းစွာ အစပြုကျင့်သုံးနိုင်ပါက အခြားယူနစ်များမှ နမူနာယူလုပ်ဆောင်နိုင်ခြင်း (ဥပမာ- India အမျိုးသမီးတရားရုံး၊ပညာရေးဖြင့် အမျိုးသမီး စွမ်းရည်မြှင့်အစီစဉ်၊ VAW special cell )

**စိန်ခေါ်မှုများ**

- ဒေသတွင်းဘတ်ဂျက် အလုံအလောက် မရှိပါက အမျိုးသမီးအရေးအား ဦးစားမပေးနိုင်ခြင်း (ကလေးထိန်းကျောင်း၊ Safe House,  e.g. Nigeria ၊ ကျန်းမာရေး etc. )
- တရားစီရင်ရေးစနစ်ကို သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ်များမှ သီးခြား သတ်မှတ်ကျင့်သုံးသဖြင့် အခြားပြည်နယ်မှခေတ္တလာနေပြီး ပြစ်မှုကျူးလွန်မှုများရှိပါက မည်သည့်တရားစီရင်ရေးဖြင့် စီရင်ရမည်မှာ မရှင်းလင်းပဲ ရှုပ်ထွေးမှုဖြစ်နိုင်ခြင်း

# ဖက်ဒရယ်စနစ်နှင့် ဂျဲန်ဒါ တန်းတူရေး (အဆက်)

## အခွင့်အလမ်းများ

- မိမိတို့ဒေသန္တရ အစိုးရများကို နိုင်ငံတကာ စံနှုန်းများ လိုက်နာမှုရှိစေရန်နှင့် ကျား၊မ တန်းတူညီမျှရေး၏ အကျိုးရလဒ်များကို သေချာစွာမြင်သာအောင် သက်သေပြ အရေးဆိုနိုင်ခြင်း ( အားလုံးပါဝင်သော ခေါင်းဆောင်မှုအကျိုးရလဒ်)

- ဖက်ဒရယ်အစိုးရမှ အနိမ့်ဆုံးလိုက်နာရမည့် လူ့အခွင့်အရေး၊ ကျား၊မ တန်းတူညီမျှရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခြင်း

## စိန်ခေါ်မှုများ

- ဖက်ဒရယ်ယူနစ်အလိုက် အမျိုးသမီးများ ကိုယ့်အရေးကိုတင်ပြဆွေးနွေးနေရသဖြင့် နိုင်ငံလုံးဆိုင်ရာ ကျား၊မ တန်းတူညီမျှရေး ကိစ္စများတွင် တစ်စုတစ်စည်းတည်း ဆောင်ရွက်နိုင်မှု အားနည်းခြင်း

- နိုင်ငံတကာစံနှုန်းများကို တစ်ပြေးညီလိုက်နာနိုင်မှု အားနည်းခြင်း (နားလည်သူ/ရှေးရိုးစွဲ)

# ဖက်ဒရယ် ပြည်ထောင်စုနှင့် ဖက်ဒရယ်ယူနစ် (ပြည်နယ်)များတွင် ကျား၊မတန်းတူညီမျှရေးကိုထည့်သွင်းရန်အတွက် အကြံပြုချက်များ

- လူ့အခွင့်ရေး၊ နိုင်ငံတကာ အနိမ့်ဆုံး စံချိန်စံညွှန်းများကို ပြည်ထောင်စုအဆင့်တွင် ထည့်သွင်းရန်။ ဥပမာ - အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များဖြစ်သည့် လူတိုင်းမွေးဖွား ကတည်းက တူညီသောလူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးရှိသည် ဟူသောအချက်နှင့် မည်သည့် အကြောင်းအပေါ်အခြေခံ၍ ခွဲခြားမှုမရှိစေရစသည့်အချက်များကို အခြေခံအခွင့်အရေး အခန်းတွင် ထည့်သွင်းရန်။
- လူ့အခွင့်အရေးနှင့်ကိုက်ညီသော မိသားစုဥပဒေများ၊ ရိုးရာဓလေ့ထုံးစံများကျင့်သုံးခွင့်ကို ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင်သတ်မှတ် ပြဋ္ဌာန်းရန်။
- အမျိုးသား၊အမျိုးသမီး အနည်းဆုံး (၃၀ %) ပါဝင်ရေးမှု ထားရှိရန်။
- အုပ်ချုပ်၊ တရားဥပဒေပြု၊ တရားစီရင်ရေး တွင် ဂျဲန်ဒါရှုထောင့်ပါရန်။

# ဖက်ဒရယ် ဒီမိုကရေစီဥပဒေရေးဆွဲရာတွင် ကျား၊မတန်းတူညီမျှရေး ပါဝင်စေရန် အကြံပြုချက်များ

- နိဒါန်း (ကျား၊မ တန်းတူညီမျှရေးကို အလေးပေးဖော်ပြရန်)
- အခြေခံအခွင့်အရေးများ (လူ့အခွင့်အရေး၊ ကျား၊မတန်းတူညီမျှရေး၊ ခွဲခြားမှုကင်းစင်ရေး၊ အကြမ်းဖက်မှုလုံးဝလက်သင့်မခံရေးမူ စသဖြင့်)
- လူမှုရေးနှင့်စီးပွားရေးဆိုင်ရာအခွင့်အရေးများ (လူ့အခွင့်အရေးနှင့် ကိုက်ညီသော ဓလေ့ထုံးတမ်း၊ အခြေခံလူ့အခွင့်အရေးကိုချိုးဖောက်မှုမရှိသော ဘာသာရေးဥပဒေများ စသဖြင့်)
- အခွင့်အလမ်း၊ အရင်းမြစ် တန်းတူညီမျှခွင့်(ပညာ၊ ကျန်းမာ၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အခြေခံဝန်ဆောင်မှုလက်လှမ်းမှီပိုင်ခွင့် -စားဝတ်နေရေး၊ ရေ၊ သဘာဝပတ်ဝန်းကျင် စသဖြင့်)
- အမျိုးသမီးများ၏ ကိုယ်ပိုင်ဘဝနှင့်ဆိုင်သော အခွင့်အရေးများ (လက်ထပ်၊ကွာရှင်း၊ အမွေ၊ ကလေးအုပ်ထိန်းခွင့်)
- နိုင်ငံရေး အခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ နိုင်ငံသားနှင့်နိုင်ငံသားအခွင့်အရေး
- အကြမ်းဖက်မှုမျိုးစုံမှာ ကာကွယ်ပေးခြင်း (ရိုးရာအရ အလိုမတူထိမ်းမြားခြင်း၊ လူကုန်ကူးခြင်း စသဖြင့်)

# ဖက်ဒရယ် ဒီမိုကရေစီဥပဒေရေးဆွဲရာတွင် ကျား၊မတန်းတူညီမျှရေး ပါဝင်စေရန် အကြံပြုချက်များ (အဆက်)

- သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူရေးလုပ်ငန်းရှင်များနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ကျား၊မတန်းတူညီမျှရေးရံပုံငွေများ ထောက်ပံ့ရန်၊ မူဝါဒချမှတ်ပေးရန်။ Anti VAW, safe work place
- ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးကိုလေးစားလိုက်နာမှုရှိစေရန်နှင့် ၄င်းတို့လုပ်ငန်းဆောင်ရွက်နေသည့်ဒေသများတွင် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများအတွက် ရံပုံငွေထောက်ပံ့ခြင်းနှင့် ကျား၊မတန်းတူညီမျှရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စီမံကိန်းမျိုးဆောင်ရွက်ပေးရေး မူဝါဒထားရှိရန်။ (ဥပမာ - ဒေသတွင်း မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများထားရှိခြင်း၊ စာသင်ကျောင်းများဆောက်လုပ်ပေးခြင်း၊ ရင်ခွင်ပိုက်ကလေးထိန်းကျောင်းဖွင့်လှစ်ပေးခြင်း စသဖြင့်)

# ဖက်ဒရယ် ဒီမိုကရေစီဥပဒေရေးဆွဲရာတွင် ကျား၊မတန်းတူညီမျှရေး ပါဝင်စေရန် အကြံပြုချက်များ (အဆက်)

- **လုံခြုံရေးကဏ္ဍ**

လုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်မှုကို အားပေးမြှင့်တင်သည့် မူဝါဒများချမှတ်ရန်။

- ဥပမာ(၁) တပ်မတော်နှင့် နိုင်ငံတော်ရဲတပ်ဖွဲ့ဝင်များကို ခန့်အပ်ရာတွင် အရည်အချင်းနှင့် ကျား၊မ သာတူညီမျှ စံနှုန်းများအပေါ် အခြေခံသည့် ရာထူးတိုးမြှင့်မှုစနစ်ကို လိုက်နာရပါမည်။

ဥပမာ (၂) ကာကွယ်ရေးတပ်ဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များတွင် ခွဲခြားဆက်ဆံမှုမပြုဘဲ လူမျိုး‌စွဲ၊ ကျား၊မစွဲ မထားရှိသည့် ယဉ်ကျေးမှုဝန်းကျင်ကို တည်ဆောက်မည်။

# ကျေးဇူးအများကြီးတင်ပါတယ်